ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project
# (NCDDP)




## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
## ကြာကန်ကျေးရွာ၊ ကြာကန်ကျေးရွာအုပ်စု

၂၀၁၈ ခုနှစ်　　　　　ကျောက်တန်းမြို့


မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ..........................................................................................၂
၂။ကြာကန်ကျေးရွာအုပ်စုမြေပုံ.......................................................................................၃
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း..............................................၄
၄။ကျေးရွာအခြေခံအချက်အလက်များ ..........................................................................၅
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ...............၆
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..၇
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .................၂၃
၈။ ကျေးရွာကော်မတီဝင်များစာရင်း.........................................................................................၂၆
၉။ပုံစံ-၁။ကျေးရွာအချက်အလက် ..............................................................................................၂၇
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်.........................................................................၃၀
၁၁။အစည်းအဝေးမှတ်တမ်းများ ....................................................................................................၃၄
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).......................................၃၉

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
သုံးခွသို့
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ကြာကန်ကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ကြာကန်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ကြာကန်ကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့မြောက်ဘက်အရပ်တွင်တည်ရှိပြီး(၈)မိုင်ကွာဝေးသည်။ ရွာ၏အရှေ့ဘက်တွင်ကန်ပြောင်ကျေးရွာ၊ ရွာ၏အနောက်ဘက်တွင် မြိုင်သာယာကျေးရွာတို့တည်ရှိသည်။ ကျေးရွာအမည်ခေါ်တွင်ရခြင်းမှာ ကျေးရွာတွင်းရှိ ကန်များတွင်ပဒုမ္မာကြာများလှပပေါ်များစွာ ပေါက်ရခြင်းကို အစွဲပြု၍ ကြာကန်ကျေးရွာဟု ခေါ်တွင်စေခြင်းဖြစ်သည်ဟုသိရပါသည်။ ကြာကန်ကျေးရွာမှ ကျောက်တန်းသို့ မိုးရာသီ၊နွေရာသီ၊ ဆောင်းရာသီ များတွင်ဆိုင်ကယ်၊ စက်ဘီး၊ ကားများဖြင့် သွားလာကြပါသည်။ ကြာကန်ကျေးရွာတွင်စိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးကြပြီး(လယ်ယာစိုက်ပျိုးရေး)၊ မွေးမြူရေးကိုတော့အနည်းငယ်မျှသာမွေးမြူကြပါသည်။ ရွာ၏အဓိကဝင်ငွေရသောလုပ်ငန်းမှာ စပါး၊ ပဲတီစိမ်းလုပ်ငန်းများဖြစ်သည်။ မွေးမြူရေး တွင်ကြက်၊ ဝက်၊ ဘဲ ကိုအနည်းငယ်မျှသာမွေးမြူကြသည်။ ကြာကန်ကျေးရွာတွင်လူဦးရေ (၁၈၇၅)၊ အိမ်ထောင်စု(၅၀၈)၊ ကျား(၉၃၃)၊ မ(၉၄၂)တို့ရှိပြီး၊ ဗမာလူမျိုးနှင့် ဟိန္ဒူလူမျိုး အနည်းငယ် နေထိုင်ကြပါသည်။ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်း၊ သောက်သုံးရေကန်(၇)ကန်၊ လျှပ်စစ်မီး၊ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းရှိပါသည် ပြေလည်သော အိမ်ထောင်စု၊ အလယ်အလတ်ပြေ လည်နှင့်နွမ်းပါး သောအိမ်ထောင်စုတို့ရှိပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၂ | ၅ | ၉ | ၁၄ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၀၉ | ၄၇ | ၆၂ | ၁၀၉ |
| မြေယာမဲ့ | ၁၅၀ | ၂၅၁ | ၃၄၉ | ၆၀၀ |
| မသန်စွမ်း | ၄ | ၁ | ၃ | ၄ |

### ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | စက်ချုပ်ဆိုင် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ယမကာဆိုင် | ဆန်စက်(အကြီး) |
| | ဘဲ | စျေးဆိုင် | |
| | | ဘိလိယက်ခုံ | |
| | | ဆိုင်ကယ်၊စက်ဘီးပြင်ဆိုင် | |

### ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၉၅၆.၃ | ၃၂ | - | - | ၇ | ၈ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | စျေးဆိုင် |
| အရေအတွက် | ၂ | - | ၂ | ၁၃ | - | ၅ |

### ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၃၀၁ | ၅၃၈ | - | ၈၄၇ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်/ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၃၆/၄၀ | ၃၀၂ | ၅၅ | ၉၅၀ | ၉၁ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၂-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၄ | ၁၈ | ၄၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၂-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀ | ၁၀ | ၂၀ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ဝမ်းစာဖူလုံမှု |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက် | ၂၂-၁၁-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၂၄ | ၁၈ | ၄၂ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သတ်မှတ်ချက် | ၂၂-၁၁-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၄ | ၁၈ | ၄၂ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၂-၁၁-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၈ | ၂၁ | ၃၉ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့်မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၂-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၄ | ၁၈ | ၄၂ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့်
တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

**၁။လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**



## သုံးသပ်ချက်

ကြာကန်ကျေးရွာအုပ်စု၊ ကြာကန်ကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့မြောက်အရပ်တွင် တည်ရှိပြီး အိမ်ထောင်စု(၅၀၈)စု၊ လူဦးရေပေါင်း(၁၈၇၅)ဦးရှိသည်။ ကျေးရွာ၏အရှေ့ဘက်တွင် သိမ်ကန်ကုန်းခေါ်ကွင်းတဲစုကလေးတစ်စုရှိပါသည်။ ထိုတဲစုလေးတွင်အိမ်ခြေ(၂၀)ခန့်ရှိပြီး မူလွန်ကျောင်း တစ်ကျောင်း၊ သောက်သုံးရေကန်တစ်ကန်လည်းရှိပါသည်။ ထိုအစုလေးမှကျေးရွာဆက်သွယ်ရေးတာ သို့တစ်မိုင်ကွာဝေးပြီး(၅)ဖာလုံမှာ ကွန်ကရစ်လမ်းဖြစ်ပြီး(၃)ဖာလုံမှာမြေနီလမ်းဖြစ်သည်။ လူထုဗဟိုပြု စီမံကိန်းအနေဖြင့် စီမံကိန်းပထမနှစ်တွင် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းနှင့် ရေပြွန်(၃)စင်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းဒုတိယနှစ်တွင် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျေးရွာတွင်ဘုန်း တော်ကြီးကျောင်း တစ်ကျောင်း၊ စေတီတစ်ဆူ၊ စာသင်ကျောင်းတစ်ကျောင်း၊ သောက်သုံးရေကန်(၇)ကန်၊ စက်ရေတွင်း (၈)တွင်း၊ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်း၊ သစ်သားတံတားတစ်စင်း၊ အုပ်ချုပ်ရေးမှူးရုံး၊ စာကြည့်တိုက်နှင့် လယ်မြေများပါဝင်သည်။ ကျေးရွာ၏အဓိကလုပ်ကိုင်သော လုပ်ငန်းများမှာ လယ်ယာ လုပ်ငန်း၊ မွေးမြူရေးနှင့် စက်ရုံကြီးများတွင် လစားအလုပ်များကို အဓိကထားလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းလမ်းအများစုမှာ မြေသားလမ်းများဖြစ်ပြီး ကွန်ဂရစ်လမ်းကျဉ်းက အနည်းငယ်မျှသာရှိသည်။ ကျေးရွာတွင်းတွင် လက်လုပ်လက်စား(ဘောက်လုပ်သား) အများစုနေထိုင်ကြသည်။ ရွာ၏ဘေးတွင် ဆက်သွယ်ရေးတာရှိပြီး ထိုလမ်းကိုအမှီ ပြုကာလုပ်ကိုင်စားသောက်နေကြသည်။

၂။ ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်။

ကြာကန်ကျေးရွာအုပ်စု
ကြာကန်ကျေးရွာ

## ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်

၂၂.၁၁.၁၇

| အမျိုးအစား | သတ်မှတ်ချက်၊ ညွှန်းကိန်းများ | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
| --- | --- | --- | --- |
| ချမ်းသာ | တိုက်အိမ်၊ ကား၊ လယ်ထွန်စက်၊ ဆိုင်ကယ်၊ စပါးရိတ်စက်၊ တီဗွီ၊ လယ်(၂၀)ဧကအထက်၊ ရေခဲသေတ္တာ၊ ကလေးများကိုကျောင်းထားနိုင်ခြင်း | ၁၀၀ | ၂၀% |
| အလယ်အလတ် | ပျိုးထောင်ပျိုးခင်း၊ ကွန်ခြောင်း၊ နွားပျဲ၊ လယ်(၁၀)ဧကအောက်၊ ဆိုင်ကယ်၊ တီဗွီ၊ ကလေးများကို အထက်တန်းအထိကျောင်းထားနိုင်ခြင်း | ၃၀၈ | ၆၀% |
| ဆင်းရဲ | ဓနိမိုးထရံကာကြမ်းခင်း၊ စက်ဘီး၊ ခေါက်တီဗွီ၊ ကလေးများအား မူလတန်းအထိသာကျောင်းထားနိုင်ခြင်း၊ နေ့စားလုပ်သား။ | ၁၀၀ | ၂၀% |
| စုစုပေါင်း | | ၅၀၈ | ၁၀၀% |


ပါဝင်ဆွေးနွေးသူ => ကျား - ၂၄ မ - ၁၈

## သုံးသပ်ချက်

ကြာကန်ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသောအဆင့်မှာ တိုက်အိမ်၊ ကား၊ လယ်ထွန်စက်၊ ဆိုင်ကယ်၊ စပါးရိတ်စက်၊ လယ်(၁၀)ဧကအထက် နှင့်စိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင် ဆောင်ရွက်ကြပြီးတီဗွီ၊ ရေခဲသေတ္တာ၊ ကလေးများကိုကျောင်းပြီးဆုံး သည့်တိုင်ထားနိုင်ခြင်း၊ အလယ်အလတ်အဆင့်မှာ ပျဉ်ထောင်ပျဉ်ခင်း၊ ကွန်ဒေါင်းစက်၊ နွားပုံ၊ လယ် (၁၀)ဧက အောက် နှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆိုင်ကယ်၊ တီဗွီနှင့် ကလေးများကိုကျောင်းထားနိုင်ခြင်း၊ နွမ်းပါးသော အဆင့်မှာ ဓနိမိုးထရံကာကြမ်းခင်း၊ စက်ဘီး၊ ခေါက်တီဗွီ၊ ကလေးများကို မူလတန်းအထိသာ ကျောင်းထားနိုင်ခြင်းနှင့် နေ့စားလုပ်ငန်းများကိုသာ လုပ်ကိုင်စားသောက်ကြရပါသည်။

နွမ်းပါးရသည့်အကြောင်းအရာမှာ နေစားလုပ်ငန်းများ လုပ်ကိုင်စားသောက်ရခြင်း(ကျပန်း)၊ ရရှိသည့် ဝင်ငွေနည်းပါးခြင်းနှင့် မလုံလောက်ခြင်း၊ ပုံမှန်အလုပ်မရှိခြင်း၊ မိသားစုဝင်များပြားခြင်း၊ လယ်ယာမြေပိုင်ဆိုင်မှု မရှိခြင်းတို့ကြောင့် နွမ်းပါးရခြင်းဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



ကြာကန်ကျေးရွာအုပ်စု
ကြာကန်ကျေးရွာ

ရာသီခွင်ပြ ပြက္ခဒိန်

၂၂.၁၁.၁၇

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | နွေပူ | မိုးဦးကျ | မိုးရွာ | မိုးရွာ | မိုးရွာ | နွေပူ/မိုးရွာ | နွေပူ/မိုးရွာ | နှင်းကျ | နှင်းကျ | နှင်းကျ | နှင်းကျ | နွေ |
| ပွဲတော် | သင်္ကြန် | ညောင်ရေသွန်းပွဲ | - | ဝါဆိုသင်္ကန်းကပ်ပွဲ | - | - | မီးထွန်းပွဲ | ကထိန်ပွဲ | - | တရားပွဲ | - | ဆွမ်းဆောင်းပွဲ |
| စိုက်ပျိုးရေး | ကွမ်း | ကွမ်း | ပျိုးကြဲ | စပါးစိုက် | စပါးစိုက် | - | စပါးစိုက် | စပါးစိုက် | ပဲစိုက် | ပဲစိုက် | ပဲနှုတ် | ကွမ်း |
| ငွေကြေးရေး | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် | ကြက်၊ ဘဲ၊ ဝက်မွေး၊ ဆိတ် |
| ကျန်းမာရေး | ကောင်း | ကောင်း | ကောင်း | ဖျားနာ | ဖျားနာ | ကောင်း | ကောင်း | ဖျားနာ | ဖျားနာ | ကောင်း | ကောင်း | ကောင်း |
| ဝင်ငွေ | - | - | နည်း | များ | များ | များ | များ | များ | များ | နည်း | နည်း | နည်း |
| သောက်သုံးရေ | ရှားပါး | ရှားပါး | ရှားပါး | ပေါများ | ပေါများ | ပေါများ | ပေါများ | ပေါများ | ပေါများ | ပေါများ | ပေါများ | ပေါများ |
| အစားအစာ | ပေါများ | ပေါများ | ပေါများ | နည်း | နည်း | နည်း | ပေါများ | ပေါများ | ပေါများ | ပေါများ | ပေါများ | ပေါများ |
| လမ်းပန်းဆက်သွယ်ရေး | ကောင်း | ညံ့ | ညံ့ | ညံ့ | ညံ့ | ညံ့ | သင့် | သင့် | ကောင်း | ကောင်း | ကောင်း | ကောင်း |
| အလုပ်အားလပ်ချိန် | အလုပ်နည်း | အလုပ်နည်း | အလုပ်နည်း | အလုပ်နည်း | အလုပ်နည်း | အလုပ်နည်း | အလုပ်များ | အလုပ်များ | အလုပ်များ | အလုပ်များ | အလုပ်များ | အလုပ်နည်း |
| သဘာဝဘေးအန္တရာယ် | - | - | - | ရေကြီး/ရေလျှံ | ရေကြီး/ရေလျှံ | ရေကြီး/ရေလျှံ | - | - | - | - | - | - |

ပါဝင်ဆွေးနွေးသူ => ကျား - ၁၀ ဦး၊ မ - ၁၀ ဦး

**သုံးသပ်ချက်**

**ရာသီဥတု** တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်း၊ နတ်တော်၊ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင်မိုးအနည်းငယ်သာရွာ၍ဝါဆို၊ ဝါခေါင်လများတွင်မိုးများပါသည်။ တော်သလင်း၊သီတင်းကျွတ်လများတွင် မိုးအနည်းငယ်သာရွာ၍ ရာသီဥတုသာယာပါသည်။

**ပွဲတော်** တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်းမုန်းလတွင် နိဗ္ဗာန်စျေးပွဲတော်၊ ပြာသိုလတွင် တရားပွဲများနှင့် တပေါင်းလတွင် ဆွမ်းလောင်းပွဲများ ရှိပါသည်။

**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကိုစတင်စိုက်ပျိုးပါသည်။ တန်ဆောင်မုန်း၊နတ်တော်လများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကိုသီးထပ်စိုက်ပျိုး ကြပါ သည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် ကြက်၊ဝက်၊ဆိတ်၊ဘဲ တို့ကို မွေးမြူကြပါသည်။

**ကျန်းမာရေး** ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော နာစေးခြင်း၊ ချောင်းဆိုးခြင်းတို့(၁၂)လရာသီလုံးဖြစ်လေ့ရှိကြပါသည်။

**ဝင်ငွေ** နတ်တော်၊ တပို့တွဲ၊ တပေါင်းလများတွင် စပါး၊ ပဲတီစိမ်းများ ရောင်းချရသောကြောင့် ဝင်ငွေအများဆုံးရရှိသောလများဖြစ်ပြီး၊ ကျန်လများတွင် ဝင်ငွေအနည်းငယ်မျှသာ ရရှိပါသည်။

**သောက်သုံးရေ** တန်ခူး၊ ကဆုန်လများသည် (မိုးခေါင်) သောက်သုံးရေရှားပါးမှု ရှိခဲ့ပါသည်။ ကျန်သောလများတွင် သောက်သုံးရေဖူလုံမှု ရှိပါသည်။

**အစာရေစာ** ဝါဆို၊ ဝါခေါင်၊ တော်သလင်း လများတွင် အစာရေစာနည်းပါးပြီး ကျန်သောလများတွင် ပေါများကြောင်းတွေ့ရှိရပါသည်။

**လမ်းပန်းဆက်သွယ်ရေး** ကျေးရွာအတွင်းတွင်မိုးရာသီ၌ သွားလာရခက်ခဲသောနေရာများရှိနေပါသည်။ မိုးတွင်းကာလများတွင် ရေအမြဲနီးပါးနစ်မြုပ်နေသောကြောင့် ဖြစ်ပါသည်။

**အလုပ်အားလပ်ချိန်** (၁၂)လရာသီလုံး အလုပ်လုပ်ရသောကြောင့် အားလပ်ချိန်ဟူ၍သိပ်မရှိပဲ တန်ခူး၊ ကဆုန်၊ နယုန်၊ဝါဆို၊ဝါခေါင်၊တော်သလင်းလများတွင် အလုပ်အနည်းငယ်ပါးကြောင်း တွေ့ရှိရပါသည်။

**သဘာဝဘေးအန္တရာယ်** မိုးတွင်းကာလဖြစ်သော ဝါဆို၊ဝါခေါင်၊တော်သလင်းလများတွင် တခါတရံ မိုးကြီးပြီး ရေကြီး၊ရေလျှံလေ့ရှိကြောင်း တွေ့ရှိရပါသည်။


၄။ ဗင်းပုံစံ သုံးသပ်ချက်။



## သုံးသပ်ချက်

ကျေးရွာတွင်း ကျေးရွာအုပ်ချုပ်ရေးမှူး၊ လူထုဗဟိုပြုစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖ၊ လူမှုရေး အဖွဲ့အစည်းတို့သည် ကျေးရွာဖွံ့ ဖြိုးတိုးတက်ရေးတွင် ကျေးရွာလူထုနှင့် တစ်သားတည်း ညီညွတ်စွာ ပါဝင်ဆောင်ရွက်ကြပါသည်။ အမျိုးသမီးရေးရာ အဖွဲ့အစည်းသည်လည်း ကျေးရွာအတွင်းရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးတာဝန်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ပူးပေါင်း ချိတ်ဆက်၍ ဆောင်ရွက်ကြသည်။ မြစိမ်းရောင်၊သမဝါယမ အဖွဲ့အစည်းများသည်လည်း ကျေးရွာတိုးတက်ရေး အတွက် ငွေစုငွေချေးများ ပြုလုပ်ပေးပါသည်။ အရန်မီးသတ်တပ်ဖွဲ့နှင့် လယ်ယာမြေစီမံခန့်ခွဲ ရေးကော်မတီတို့သည်လည်း ကျေးရွာ၏လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အုပ်ချုပ်ရေးအဖွဲ့ နှင့်ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ကြသည်။ မြို့နယ် အဖွဲ့အစည်းများဖြစ်သော မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရဲစခန်း၊ မြို့နယ်ပညာရေးမှူးရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့သည်လည်း ကျေးရွာအုပ်ချုပ်ရေးနှင့် ပူးပေါင်း၍ရပ်ကျိုးရွာကျိုးများကို ဆောင်ရွက်လျက်ရှိပါသည်။ မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှာ ကျေးရွာတွင်ရှိသော လူထုဗဟိုပြုစီမံကိန်းကော်မတီ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်းကာ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကိုအကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။ Pact Myanmar အဖွဲ့အစည်းမှလည်း ကျေးရွာလူထုအား ငွေစု ငွေချေး ပြုလုပ် ပေးပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ပညာရေး** ပြောင်းလဲလာသော ပညာရေးစနစ်များ၊ တိုးတက်လာသော လူမှုပတ်ဝန်းကျင် အနေထားများကြောင့် အမျိုးသားနှင့် အမျိုးသမီး ပညာရေး၊ ပညာသင်ကြားခွင့် အခြေအနေမှာ တန်းတူဖြစ်ပါသည်။

**ဆုံးဖြတ်ချက်** ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင် အမျိုးသမီးများမှာ ဆုံးဖြတ်ပိုင်ခွင့်များ ပိုမိုရရှိလာကြောင်း တွေ့ရှိရပါသည်။

**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်းအမျိုးသားများနှင့် အမျိုးသမီးများသည် အလုပ်အကိုင်အခွင့် အလမ်းမှာခြားနားမှုမှာ အနည်းငယ်သာရှိပါသည်။

**ဦးဆောင်နိုင်မှု** ကျေးရွာ၏ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင် နိုင်မှုမှာ အားနည်းနေသေးကြောင်းတွေ့ရှိရပါသည်။


**လူမှုရေးလုပ်ငန်းများတွင်ပါဝင်ခွင့်** စီမံကိန်းမဝင်ခင်ယခင်နှစ်များထက် အမျိုးသမီးများ၏ လူမှုရေး လုပ်ငန်းများတွင်ပါဝင်မှုမှာ ပို၍အားကောင်းလာကြောင်းတွေ့ရပါသည်။

**လုံခြုံမှု** အမျိုးသမီးများသည် ခေတ်ကာလအနေအထားများ၊ ပြောင်းလဲ၍မရသော ခန္ဓာကိုယ် ဖွဲ့စည်းပုံတို့ကြောင့် အမျိုးသားများထက် လုံခြုံမှုနည်းပါးလျက်ရှိပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** ယခုလက်ရှိအခြေအနေများအရ အမျိုးသားများသည် စီးပွားရှာခြင်း၊ ရပ်ရေးရွာရေးများတွင်ပါဝင်ဆောင်ရွက်ခြင်း စသည်တို့ကြောင့် အိမ်မှုကိစ္စဆောင်ရွက်မှု အပိုင်းတွင် အချိန်မပေးနိုင်ပါ။ အမျိုးသမီးများသည် အိမ်မှုကိစ္စများမှအပ အခြားသော ဆောင်ရွက်မှုများလုပ်ကိုင်ခြင်းကို မတွေ့ရသလောက်ဖြစ်ပါသည်။

**အရင်းအမြစ်အသုံးချမှု** အမျိုးသမီးများနှင့် အမျိုးသားများသည် အရင်းအမြစ်အသုံးချမှု အပိုင်းတွင် ကွာခြားမှု အနည်းငယ်သာရှိပါသည်။

၆။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။



ကျောက်ကျေးရွာအုပ်စု အရင်းအမြစ်သုံးစွဲမှု၊ ၂၂.၁၁.၁၇

ကျောက်ကျေးရွာ

ပုံစံပြဇယား

| အမျိုးသား | အမျိုးသမီး | အမျိုးသား/သမီး |
|---|---|---|
| အားကစားကွင်း | အပ်ချုပ်စက် | ဘုန်းကြီးကျောင်း |
| လယ်ထွန်စက် | ဆေးပေးခန်း | စာသင်ကျောင်း |
| | | ရေတွင်း / ရေကန် |
| | | လယ်မြေ |
| | | ဆိပ် |
| | | တိဗွီ |
| | | မြစ်ချောင်း |
| | | လမ်း |
| | | တံတား |

ပါဝင်ဆွေးနွေးသူ

ကျား => ၂၄

မ => ၁၈

## သုံးသပ်ချက်

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ရေတွင်းရေကန်၊ လယ်ထွန်စက်၊ အားကစားကွင်း စသည်တို့ကို အမျိုးသားများက ထိန်းချုပ်ထားပြီး အမျိုးသမီးများသည် အပ်ချုပ်စက်၊ ဆေးပေး ခန်းတို့ကို ထိန်းချုပ်ကြပါသည်။ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လယ်မြေ၊ အိမ်၊ တီဗွီ၊ မြစ် ချောင်း၊ လမ်း ၊ တံတားတို့ကို အမျိုးသား၊အမျိုးသမီးများက အတူတကွထိန်း ချုပ်ကြပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော အားကစားကွင်း၊ လယ်ထွန်စက်တို့ကို အမျိုးသားများက သုံးစွဲကြပြီး အပ်ချုပ်စက်၊ ဆေးပေးခန်းတို့ကို အမျိုးသမီးများက အများဆုံး အသုံးပြုကြသည်။ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ရေတွင်းရေကန်၊ လယ်မြေ၊ အိမ်၊ တီဗွီ၊ မြစ်ချောင်း၊ လမ်း ၊ တံတားတို့ကို အမျိုးသား၊အမျိုးသမီးများက အတူတကွ အသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန်သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်း ကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အား ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြော ကြား မှုများ ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက်ကော်မတီများထဲတွင် အမျိုးသမီးများ အချိုးညီစွာပါဝင်နိုင်ပြီး အားလုံးတက်ညီ လက်ညီပါ ဝင်လာနိုင်ရန်လည်းစည်းရုံးလှုံ့ဆော်ခဲ့ပါသည်။ ထို့နောက်အမျိုးသမီးများ၏အခက်အခဲ၊ မျှော်မှန်း ချက်များကို လည်း အမျိုးသမီးသီးသန့်အဖွဲ့လိုက်ခွဲ၍ ပြုလုပ်ခဲ့ကြသည်။ အမျိုးသမီးများ၏ လက်တွေ့ရင်ဆိုင် နေရသော အခက်အခဲများကိုလည်းလွတ်လပ်စွာပြောဆိုနိုင်ပြီနိုင်ကြောင်း နှင့်အမျိုးသာများကလည်းဝိုင်းဝန်း ကူညီပေး ကြပါရန်ကိုလည်းပြောကြားခဲ့သည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။**　　　　**ရက်စွဲ - ၃.၂.၂၀၁၈**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူ နည်း စု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များကို ကျား၊မရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



မဲပေးခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

### ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
| --- | --- | --- | --- |
| ၁ | ဦးဆန်းငွေ | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်အုန်းငွေ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးတင့်လွင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်ငွေမော် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးမျိုးလွင်ဦး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဒေါ်ဇင်မာငွေ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဦးအေးလွင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်ပြည့်ဖြိုးလင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးသောင်းစိန် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်အေး | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးမြင့်ဟန် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်ဥမ္မာအေး | မ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးအောင်မျိုးမြင့် | ကျား | ကျေးရွာငွေစာရင်းကိုင် |

**စုစုပေါင်း။ (၁၃) ယောက်  ကျား (၇)ယောက်  မ (၆) ယောက်**

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

| | |
| --- | --- |
| ၁။ဦးဆန်းငွေ | ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂။ဒေါ်ခင်ခင်ကြူ | ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃။ဒေါ်အုန်းငွေ | ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ |
| ၄။ဦးထင်ဇော် | ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင် |
| ၅။ဦးရန်အောင် | ဘဏ္ဍာရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၆။ဒေါ်ရင်သန်း | အုပ်စုအဖွဲ့ဝင် |

**မှတ်တမ်းတင်သူ**

ဦးအောင်ညီညီစိုး

ရာထူး။ လူထုစည်းရုံးရေးမှူး

နေ့စွဲ။ ၃.၂.၂၀၁၈

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် [illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-454016712 | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး ကရင် | မြို့နယ် ကော့ကရိတ် | ကျေးရွာအုပ်စု ကြာအင် | ကျေးရွာ ကြာအင် (မြောက်) |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၅၀၆ | ဘာသာ (၁) ဗုဒ္ဓ | ၅၀၆ |
| လူမျိုးစု (၂) ဟိန္ဒူ | ၂ | ဘာသာ (၂) ဗုဒ္ဓ | ၂ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀၉ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-ဗမာ | ၉၉ | ၉၆ |
| လူမျိုးစု (၂)-ဟိန္ဒူ | ၅ | ၉ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၆၃ | ၄၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☑ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက်<br>မူလွန်ကျောင်း | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်-------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---[illegible]---

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) [illegible]

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ 10.10.2017

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ 10.10.2017

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| **လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်ညွှန့်ဦး | |
| နေ့စွဲ 26 11.17 | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် ကျောက်ဖြူ ကျေးရွာအုပ်စု ကြာကန် ကျေးရွာ ကြာကန် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စာသင်ကျောင်းခြံစည်းရိုး ဆွေးမြေ့ကျိုးပဲ့ရက် | ၁ | ပညာရေးအထောက်ပံ့မှု လိုအပ်ခြင်းအခက်အခဲ |
| ၂ | တံတားခင်းပေးရန် | ၂ | စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရန် လိုအပ်ခြင်းအခက်အခဲ |
| ၃ | ရွာလမ်းမကြီး ကျောက်ခင်းလမ်းမကြီး ဖို့ပေးရန် | ၃ | လမ်းပြုပြင်ရန် |
| ၄ | ရွာလမ်းရေနုတ်မြောင်း ရေထွက်မြောင်း | ၄ | ချောင်းကူးတံတား လိုအပ်ခြင်းအခက်အခဲ |
| ၅ | ရွာတွင်းဘက်လမ်းမကြီး ကိုးချဲ့ဆောက်လုပ်ရန် | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းမကြီး လမ်းသွယ်များ ကောင်းမွန်အောင် | ၁ | စာသင်ကျောင်း ခြံ ကိုးချဲ့ပေးရန် |
| ၂ | အထက်တန်းကျောင်း ရရှိအောင် | ၂ | လမ်းမကြီး လမ်းသွယ်များ ကောင်းမွန်အောင် |
| ၃ | ကိုယ်ပိုင်လယ်ယာမြေများ ရရှိခြင်းမှ ကင်းဝေးအောင် | ၃ | မြောက်ကွင်းကျောင်းသား ကျောင်းသူများ အဆင်ပြေစေရန် တံတား ဆောက်လုပ်ရန် |
| ၄ | | ၄ | ပညာရေးအထောက်ပံ့ ရရှိအောင် |
| ၅ | | ၅ | ကျောင်းခြံစည်းရိုးနှင့် အခန်းအကျယ်များ ရရှိအောင် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကျောက်ခင်းခြင်း နှင့် Culvert ပြုပြင်ခြင်း | ကျား + မ | ၁၄,၀၀၀,၀၀၀ | ၅၀၈ |
| ၂ | စာသင်ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း | ကျား + မ | ၅,၀၀၀,၀၀၀ | ၅၀၈ |
| ၃ | စာသင်ကျောင်း ပြုပြင်ခြင်း (သံဇကာ) | ကျား + မ | ၄,၀၀၀,၀၀၀ | ၅၀၈ |
| ၄ | တံတား ပြုပြင်ခြင်း | ကျား + မ | ၁၀,၀၀၀,၀၀၀ | ၅၀၈ |
| ၅ | ရေကန်ခြံစည်းရိုး ပြုပြင်ခြင်း | ကျား + မ | ၅,၀၀၀,၀၀၀ | ၅၀၈ |
| ၆ | စက်ရေတွင်း၊ ရေကန်၊ ရေတင် ရှိ တည်ဆောက်ခြင်း | ကျား + မ | ၄,၅၀၀,၀၀၀ | ၅၀၈ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆင်းရဲနွမ်းပါးမိသားစု ကလေးများ ကျောင်းထားပေးရန် | အမျိုးသား + အမျိုးသမီး | |
| ၂ | စာသင်ကျောင်း [illegible]ပေးရန် | အမျိုးသား + အမျိုးသမီး | |
| ၃ | [illegible] မိလ္လာဆောက်ပေးရန် | အမျိုးသား + အမျိုးသမီး | |
| ၄ | [illegible]ချေးငွေ[illegible]ပေးရန် | အမျိုးသား + အမျိုးသမီး | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [signature] နေ့စွဲ 26. 11. 2017

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | စာသင်ကျောင်း မြေနေရာမရသေးပါ | ☒ မ ☒ ကျား | | |
| | ၂ | လျှပ်စစ်မီး ဓါတ်အား မရသေးပါ | ☒ မ ☒ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | ငွေစုငွေချေးအုပ် စုမရသေးပါ | ☒ မ ☒ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ကြာကန်ကျေးရွာ ဓမ္မသာဓမ္မာရုံ

ပြုလုပ်သည့်နေ့ရက် ။ ၂၆.၁၁.၂၀၁၇

ပြုလုပ်သည့်အချိန် ။ ၉:၀၀ AM မှ ၁၂:၀၀ AM ထိ

ကျေးရွာအုပ်စုအမည် ။ ကြာကန်

မြို့နယ်အမည် ။ ကျောက်တံခါး

တက်ရောက်သူဦးရေ ။ (၁၃၅) ကျား ၊ (၁၃၀) မ ၊ (၂၆၅) စုစုပေါင်း

---

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ - ပထမအကြိမ် စီမံကိန်းဖိတ်ခေါ် အစည်းအဝေး

ဆွေးနွေးချက် ။ ။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခိုင်မြင့်မှ အစည်းအဝေးတက်ရောက်လာသော ကျေးရွာသူကျေးရွာသားများအား မအားလပ်သည့်ကြားမှ အစည်းအဝေးတက်ရောက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။ အက်ရှင်အိတ်ဒ် ဦးခိုင်မြင့်မှ ကျေးရွာလူထုအား ပထမဆုံးအကြိမ် တက်ကြွစွာ ပူးပေါင်းပေးကြရန် ၊ အစည်းအဝေးပွဲများ ဖိတ်ကြားလာပါက တက်ပေးကြရန် နှင့် စိတ်ဝင်စားမှုရှိကြရန် ၊ စီမံကိန်းလုပ်ငန်းများကို ဆွေးနွေးပါက တွင်လည်း ကျေးရွာအတွက်အကျိုးတကယ်ရှိမည့်လုပ်ငန်းများ ကို ရွေးချယ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးချက် ။ ။ အက်ရှင်အိတ်ဒ် လူထုစည်းရုံးရေးမှူး ဦးအောင်သိန်းဝင်းမှ စီမံကိန်း ဖိတ်ခေါ် (၁၅) ချက်အား ကျေးရွာလူထုအား ရှင်းပြသည်။ ဦးအောင်သိန်းဝင်းမှ စီမံကိန်းဆိုင်ရာ လုပ်ငန်းများမှာ ကျေးရွာရှိ နိမ့်ပါးသော လူထုကို အခြေပြု၍ ကျေးရွာရှိ လယ် ၊ ယာ မရှိသော အခြေခံအလုပ်သမားများကို ထောက်ပံ့ပေးသော ရွာဖွံ့ဖြိုးမှုလုပ်ငန်းများကို ဖော်ဆောင်ပေးသော ဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ရွာဖွံ့ဖြိုးမှုလုပ်ငန်းများ ကို ဖော်ဆောင်ရာတွင်လည်း လူထုအားလုံး ပူးပေါင်းပါဝင်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးချက်။ ။ အသက်ကြီးရွယ် ဦးအောင်ကိုကိုဦးမှ ရပ်ကွက်များအတွက် စောင့်ရှောက်ပေးရာတွင် ... နှင့် ပို၍ ကျန်းမာရေးအတွက် ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နှင့် အမျိုးသား / အမျိုးသမီး ကွဲပြားသော ပစ္စည်းများအတွက် ပစ္စည်းများ ... ဖြစ်ကြောင်း၊ နှင့် မိသားစု ... တွင် ... မှ ရေးရာ ... ဦးစားပေးရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆွေးနွေးချက်။ ။ အသက်ကြီးရွယ် ဦးအောင်ကိုကိုဦးမှ ... ရေးရာကြောင်း ၎င်းက ပြောကြားရာတွင် ... ဖြင့် ... ဖြစ်ကြောင်း၊ နှင့် ... ဖြစ်ကြောင်း ၎င်းဖြစ်သည်။ အသက်ကြီးရွယ် ဦးအောင်ကိုကိုဦးမှ ... ကြောင်း ၎င်းပြောရာတွင် မိသားစုသည် ... ဖြစ်ကြောင်း၊ မိသားစုကြီး ... တွင် မိသားစုမှ ... ပစ္စည်းများ ... နှင့် ... ရေးကိစ္စကို ... ဖြစ်ကြောင်း ... ခဲ့သည်။ ဦးအောင်ကိုကိုဦးမှ မိသားစု ... (၁၅) ... ၎င်းက ပြောကြားပြီးနောက် ... များက ... ကြောင်း ... ခဲ့သည်။

ဆွေးနွေးချက်။ ။ အသက်ကြီးရွယ် ... ဦး...မှ မိသားစု ... ၎င်းဖြစ်သည်။ မိသားစု ... ၎င်းက ပြောကြားခဲ့သည်။ အသက်ကြီးရွယ် ဦး...မှ မိသားစုတွင် ... များ နှင့် ... ကြောင်း ပြောကြားခဲ့သည်။ ... နှင့် မိသားစုတွင် ... များ ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

သုံးသပ်ချက်။ အကြံပြုချက် ။ ... ဦးအောင်ကိုကိုဦးမှ ... တွင် ... ဖြစ်သော ... နှင့် ... ကြောင်း ... ဖြစ်ကြောင်း ...

"ကျွန်တော့် သဘောတူညီချက်" — "၁၉၆၀ ခုနှစ် - ကျွန်တော့် ဦးအောင်သိန်းဦးကိုးမှ ဆေးလိပ်ကိုက်တဲ့ အပိုင်း အနေအထား ဖြစ်ရာ ဆေးလိပ်ကိုက်တဲ့ အပိုင်း ဖြစ်သော ဦးမြင့်ဟန် ၂၀. ဆိုင်ရာ နေ့ တိုင်းမှ ကျွန်တော့် ထောက်ထား ကောင်းမှု ဖြစ်ကြောင်း ပြောကြားခဲ့သည် - ဦးအောင်သိန်းဦးကိုးမှ ဆေးလိပ်ကိုက်ထားဖို့ အပိုင်း ကျွန်တော့် ထောက်ထားသော ဆိုင်ရာ ပင်ဆောင်ရေး ဘေးရှောင်ရှားနိုင်ရေး ... ဘေးရှောင်ရှားနိုင်မှု သဘောတူ ကြောင်း ပြောကြားခဲ့သည် -

"ဘုံးဖြစ်ချက်" "ကျွန်တော့် ဦးအောင်သိန်းဦးကိုးမှ ရှုမြင်ချက်ဝင်မှု ၂၀. ပတ်သက်၍ ထိုင်ဝင်ဦ
သဘောတူညီချက် (၅)ဦးအား ဆွေးနွေးမှုကြောင့် ပတ်ဝန်းကျင်မှ လိုက်လျောညီထွေ ကိုက်ညီ ကိုက်ညီမှုကြောင့် ပိုမိုသော အကြောင်း သတ်မှတ်ချက် ... လေးစားစွာ တင်ပြအပ်ပါသည် -

(signature)

မှတ်တမ်းတင်သူ
ဦးအောင်သိန်းဦးကိုး
[illegible]

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ပြုလုပ်သည့်နေရာ | ။ | ကြာကုန်ကျေးရွာ စုဝေးရာနေရာ |
| ပြုလုပ်သည့်နေ့ရက် | ။ | ၂၆-၁၁-၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ | ၁:၀၀PM မှ ၄:၀၀PM ထိ |
| ကျေးရွာအုပ်စုအမည် | ။ | ကြာကုန် |
| မြို့နယ်အမည် | ။ | ကျောက်တံခါး |
| တက်ရောက်သူဦးရေ | ။ | (၁၃၅) ကျား ၊ (၁၃၀) မ ၊ (၂၆၅) စုစုပေါင်း |

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ - ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး

ဆွေးနွေးချက် ။ ။ လူထုအစည်းအဝေးများ ဦးကောင်းသိန်းဦး မှ ကော်မတီရွေးချယ်မည့် အစီအစဉ်တွင် လူထုဗဟိုပြုစီမံကိန်းအတွက် ရွေးချယ်ထားသော ကော်မတီဝင်များသည် လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ရာတွင် အရေးကြီးသော ကျေးရွာသို့ ရောက်ရှိလာမည့် ဆောင်ရွက်မည့်စီမံကိန်း အတွက်တိုက်ရိုက် ရယူနိုင်ကြောင်း ကျေးရွာနေပြည်သူများ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ ဖြစ်ကြောင်း၊ ရှင်းပြ ကြောင်း ပြောကြားသည်။

ဒုတိယအကြိမ် ။ ။ ဆက်လက်၍ ဦးကောင်းသိန်းဦး မှ ဒုတိယအကြိမ်တွင် ဆက်လက်၍
ကျေးရွာစုဝေးမှုအား ကော်မတီဝင်ထားရန် ကော်မတီဝင်များ ပုံစံ အမည်စာရင်း ရေးမှတ် ခဲ့သည်။ ကျေးရွာ ပထမအကြိမ်တွင် ကော်မတီဝင်ထားခဲ့သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဦးကျော်ကျော်ဦး မှာ မိသားစု အခက်အခဲကြောင့် နုတ်ထွက်သွားသည့်အတွက် ဦးကျော်ကျော်ဦး နေရာအား အစားထိုးရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ရွေးချယ် ရမည်ဖြစ်ကြောင်း ဦးကောင်းသိန်းဦး မှ ကျေးရွာလူထုအား ပြောကြားသည်။ ဦးကောင်းသိန်းဦးမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနေရာ အတွက် ကျေးရွာလူထုမှ ~~အမည်တင်သွင်းရာ~~ (၃) ဦးအမည်တင်သွင်းရာ (၁) ဦးကောင်းမြင့် (၂) ဦးဟန်တင် (၃) ဦးအောင်ကျော် တို့ (၃) ဦး မှာအမည်ပြုရွေးချယ်ရာ ဦးကောင်းမြင့်အား

ဆုံးဖြတ်ချက်။
သဘောတူညီချက်

။ ကျေးရွာလူထုမှ ကျေးရွာဥက္ကဋ္ဌ ဆိုင်ဖြစ် မင်းလင်းဖြစ်သောမဖြိုးခြာ
မှဲပေးရွေးချယ်ခဲ့သည်။ အဆိုပါ ဦးကျော်ညီညီဦးမှ ဦးကျော်ပါး
မြင့်အား ဒီပဲလိမ်းတွင် တာဝန်ထမ်းဆောင်ရန် အားလုံးမှမြင်ရာ ကောင်း
ထမ်းဆောင်မည်ဖြစ်ကြောင်း ဦးကျော်ဟိုးမြင့်မှ ကတိပြုပေးခဲ့
သည်။

ဆုံးဖြတ်ချက်။
သဘောတူညီချက်

။ အဆိုပါ ဦးကျော်ညီညီဦးမှ ဒီပဲလိမ်းလုပ်ငန်းများ ရွေးချယ်
အပ်နှံအပ်ကြောင်း မြင်းကွင်းပြောကြားခဲ့သည်။ ဦးကျော်ညီညီဦးမှ
ပထမအဆင့်တွင် ရွာတွင်းလမ်းဖောက်လုပ်ခြင်း နှင့် ရေမြောင်း (၃) စင်းတို့
အား ဝင်ငွေရရှိစေရန်လုပ်ဆောင်မှုဖြစ်~~ရွာ~~ ရွာတွင်း ကြောင်း ပြောသည်
ကြားပေးပြောကြားခဲ့သည်။ ဒုတိယအဆင့်တွင် ဒီပဲလိမ်းလုပ်ငန်း ရွေးချယ်
ရန် ကျေးရွာလူထုအားလုံးအား မေးမြန်းရာ ကျေးရွာလူထုမှ ပထမအဆင့်တွင်
ပြီးသော ရွာတွင်းလမ်းများ နှင့် ရေမြောင်း (၁) စင်းတို့အား အဆိုပါ
လုပ်ဆောင်မှုများရန် သဘောတူညီခဲ့သည်။ ထို့နောက် ဦးကျော်ညီညီဦး
မှ ကျေးရွာလူထုအား ရွာတွင်းလမ်းရေမြောင်းတူးရာတွင် မေးမြန်းခဲ့
ကြောင်း နှင့် အလုပ်သမားအား အချိန်ပေးရန် တက်ကြွစွာပေးသည့်အတွက်
ကျေးဇူးတင်ကြောင်း ပြောကြားမည့်အချိန် အစည်းအဝေးများ ပွင့်လင်းမှု
နှင့် ပါဝင်တက်ကြွစွာပေးကြရန် တိုက်တွန်းပြောကြားရင်း အဆိုပါ
ပထမအစည်းအဝေးအား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

(လက်မှတ်)

အစည်းအဝေးတက်သူ
ဦးကျော်ညီညီဦး
လူထုစည်းရုံးရေးမှူး

## ၁၂။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ।
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।